ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၂၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၁၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုလည်း ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။



**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ၃-၇-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ သစ်ပင်စိုက်ပျိုးပွဲတက်ရောက်။ ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရဲထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အမျိုးသမီးဖိုရမ်သို့တက်ရောက်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒယ်နယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ပြည်ပခရီးစဉ်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေး တက်ရောက်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂)ဦးနဲ့ ယနေ့ခွင့်ပန်ကြားသူ (၂၀)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၂)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၂၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြန်မာ့ဦးပိုင်ကုမ္ပဏီမှ သိမ်းယူထားပြီး မြဝတီဘဏ်ခွဲ ဖွင့်လှစ်ထားသော MAYO Marine Club အဆောက်အအုံဟောင်းနှင့်မြေအား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ် (Myanmar Seafarers Federation — MSF)သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ပထမဦးစွာ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက မြန်မာ့ဦးပိုင်ကုမ္ပဏီမှ သိမ်းယူထားပြီး မြဝတီဘဏ်ခွဲ ဖွင့်လှစ်ထားသော MAYO Marine Club အဆောက်အအုံဟောင်းနှင့်မြေအား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ အဖွဲ့ချုပ် (Myanmar Seafarers Federation - MSF)သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမောင်မောင်အုန်း၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ အထက်ပါ ဥက္ကဋ္ဌကြီး ဖတ်ကြားတင်ပြခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး အသေးစိတ်အကြောင်းအရာများကို ဆက်လက်တင်ပြဆွေးနွေးပါမယ်။ Power Point အသုံးပြုခွင့်ပေးပါရန် လေးစားစွာ ဥက္ကဋ္ဌကြီးအား ခွင့်တောင်းပါတယ် ခင်ဗျား။

အထက်ပါအဆောက်အအုံ MAYO Marine Club ဟာ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးအနီး မြစ်ကမ်းနဖူးပေါ် တည်ရှိကာ ယခုအခါ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ မြဝတီဘဏ်အဖြစ် အသုံးပြုလျက်ရှိပါတယ်။ MAYO ဆိုတဲ့စကားလုံးဟာ အိုင်ယာလန်နိုင်ငံ အနောက်ဘက်ကမ်းခြေရှိ မြို့နယ်အဆင့်စီရင်စုတစ်ခုကို ရည်ညွှန်းပါတယ်။ ၁၈၆၆ ခုနှစ်၊ အင်္ဂလိပ်အစိုးရလက်ထက်မှာ ရန်ကုန်ဆိပ်ကမ်းကို မကြာခဏ ဝင်ရောက်သွားလာလျက်ရှိတဲ့ သင်္ဘောသားများအတွက် အပန်းဖြေ စခန်း၊ ရိပ်သာတစ်ခုအဖြစ် သင့်တော်သော ကုန်ကျစရိတ်ဖြင့် တည်းခိုနိုင်ရန် အချိန်အခါ၊ အခြေအနေ တို့နှင့် လိုက်လျောညီထွေစွာ ပင်လယ်ကူးသင်္ဘောသားတို့ အကျိုးကို ကာကွယ်မြှင့်တင်ဆောင်ရွက်ရန် ရည်ရွယ်ကာ ကုန်သွယ်ရေကြောင်းလောကမှ ပုဂ္ဂိုလ်များ၊ ဆိပ်ကမ်းအာဏာပိုင်များနဲ့ စေတနာရှင်တို့မှ ပါဝင်လှူဒါန်းကာ အဓိက ကောက်ခံငွေအဖြစ် ရန်ကုန်ဆိပ်ကမ်းမှ ကောက်ခံငွေ (Port Fund) ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအဆောက်အအုံကို။ ပထမ အဆောက်အအုံကို ၁၇၈၆ ခုနှစ်မှာ တည်ဆောက်ပြီးစီးခဲ့ပြီးတော့ MAYO Sailor Home မေယိုသင်္ဘောသားများဂေဟာ အမည်ဖြင့် ရပ်တည်ခဲ့ပါတယ်။ ၁၈၉၆ ခုနှစ်မှ MAYO Marine Institute ပြောင်းလဲခေါ်ပြီးတော့ ၁၉၂၈ ခုနှစ်မှာ

ဟောင်းနွမ်းလာတဲ့အတွက် အဆိုပါ အဆောက်အအုံဟာ အသစ်ပြန်လည်တည်ဆောက်ရန် ဆွေးနွေးခဲ့ကြပါတယ်။

အကြောင်းကတော့ အဲဒီတစ်နှစ်အတွင်းမှာ ဥရောပမှ သင်္ဘောသားပေါင်း (၁၄၀၀၀)ဦးခန့် ရန်ကုန်ဆိပ်ကမ်းရောက်ရှိခဲ့ပြီး (၇၇၄၄)ဦးဟာ MAYO Marine Institute မှာ လာရောက်အပန်းဖြေခဲ့ကြောင်းလည်း မှတ်တမ်းအရသိရပါတယ်။ ဒါကြောင့် ပင်လယ်ကူးသင်္ဘောသားများအတွက် ပိုမိုပြည့်စုံကောင်းမွန်တဲ့ အဆောက်အအုံသစ် ဆောက်လုပ်ရန် ဆွေးနွေးခဲ့ကြပြီး MAYO Marine Club ဆိုတဲ့အမည်ကို ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီနှစ်မှာပဲ ဗိသုကာပညာရှင် Mr.Bray ပုံစံထုတ်ပြီး အိန္ဒိယရူးပီးငွေ (၅)သိန်းခန့် ကုန်ကျမယ်လို့ တင်ပြခဲ့ပြီး ၂၉-၆-၁၉၂၈ ခုနှစ်မှာ အုတ်မြစ်ချပြီး ၁၉၃၁ ခုနှစ်မှာ လက်ရှိအဆောက်အအုံပြီးစီးခဲ့ပါတယ်။ ထို့အပြင် အဆောက်အအုံဆောက်လုပ်စဥ်က ၁၉၂၉ ခုနှစ် ဆိပ်ကမ်းမင်းကြီး (Port Commissioner)မှ MAYO Marine Club ကော်မတီကို ၁၈၆၆ ခုနှစ်က အိန္ဒိယအစိုးရက MAYO Sailor Home အတွက် သတ်မှတ်ထားတဲ့ မြေနေရာပါ လွှဲပြောင်းပေးခဲ့ပါတယ်။ ၁၉၃၁ ခုနှစ်မှာ Marine Club အား ဖွင့်လှစ်နိုင်ခဲ့ပြီး အလှူရှင်များစာရင်းကို ပူးတွဲတင်ပြထားပါတယ်။

အထက်ဖော်ပြပါ အချက်အလက်များအရ MAYO Marine Club အဆောက်အအုံဖြစ်တဲ့ မြဝတီဘဏ်လီမိတက်၊ ဗိုလ်အောင်ကျော်လမ်းက အဆောက်အအုံအား မြန်မာသင်္ဘောသားများနှင့် ပတ်သက်တဲ့ မြန်မာသင်္ဘောသားနှင့်ဆိုင်တဲ့ အဆောက်အအုံ ဖြစ်တယ်ဆိုတာ ထင်ရှားခဲ့ပါတယ်။ ဖော်ပြပါ အဆောက်အအုံကို ပြန်လည်ပြုပြင်ပြီး သင်္ဘောသားတွေအကျိုးအတွက် (၁) အသိပညာဖလှယ်ခြင်း၊ မြှင့်တင်ခြင်း Capacity Bulding Workshop တွေ၊ Forum တွေ ဆောင်ရွက်လို့ရှိရင်လည်း အကျိုးရှိပါမယ်။ (၂) အလှူမင်္ဂလာအခမ်းအနား၊ အစည်းအဝေးတွေ ကျင်းပရင်လည်း အသုံးပြုနိုင်ပါတယ်။ (၃) သင်္ဘောသားနဲ့ မိသားစုတွေအတွက် ဆေးခန်း (Clinic)၊ ဆေးရုံငယ် (Dispensary)အဖြစ် ဖွင့်လှစ်ခြင်းနဲ့ ပြည်တွင်းပြည်ပ ဧည့်သည်များအတွက် တည်းခိုခန်းအဖြစ် စီရင်ကာ သင်္ဘောသားအကျိုးအတွက်လည်း ဆောင်ရွက်နိုင်ပါတယ်။ ထို့အပြင် MLC 2006 (Maritime Labour Convention 2006) ခုနှစ်အရ သင်္ဘောသားတို့ရဲ့ လူမှုဖူလုံရေး အထောက်အကူ အဖြစ် ရန်ပုံငွေကို ရှာပြီးတော့ နိုင်ငံတကာအဆင့်မီ သင်္ဘောသားအဖြစ် ရပ်တည်နိုင်ပါလိမ့်မယ်။ နိုင်ငံတကာလည်း တင့်တယ်ကာ စိတ်ဓာတ်ရော၊ ကျွမ်းကျင်မှုပါ တိုးတက်လာတဲ့ သင်္ဘောသားတွေ ဖြစ်ပြီးတော့ ကျွန်တော်တို့ သင်္ဘောသားတွေဟာ လုပ်ငန်းအခွင့်အလမ်း ပိုမိုတိုးတက် ရရှိနိုင်ပါတယ်။

မြန်မာသင်္ဘောသားတွေကို တပ်မတော်(ရေ)ရဲ့ အရန်အင်အားအဖြစ် အသုံးချနိုင်ခဲ့ပါတယ်။ တခြားနိုင်ငံတွေမှာဆိုရင် ဖိလစ်ပိုင်၊ စင်ကာပူ၊ ကိုရီးယားနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတော်တော်များများမှာလည်း သင်္ဘောသားတွေကို အရန်အင်အားအဖြစ် တပ်မတော်ရဲ့ အရန်အင်အားအဖြစ် သတ်မှတ်ကာ ကင်းလွတ်ခွင့်တွေ သတ်မှတ်ထားတာလည်း ကျွန်တော်တို့ သိရှိရပါတယ်။

လက်ရှိ မြဝတီဘဏ်လီမိတက်အဖြစ် အသုံးပြုနေခြင်းဟာ သာမန်ရိုးရိုးအနေသာ ဖြစ်နေတဲ့အတွက် အသုံးမပြုဘဲထားတဲ့ နေရာတွေဟာ အကျိုးမဲ့ဖြစ်နေပါတယ်။ မိမိနိုင်ငံသားများအတွက် သင်္ဘောသားဝင်ငွေတွေ တိုးခြင်းဟာ မြန်မာနိုင်ငံအတွက် (GDP) တိုးခြင်း ဖြစ်ပါတယ်။ ထို့အပြင် စီမံခန့်ခွဲမှုကော်မတီကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန၊ ရန်ကုန်တိုင်း တပ်မတော်(ရေ)၊ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအဖွဲ့၊ မြန်မာနိုင်ငံသင်္ဘောသားဝန်ဆောင်မှု အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေး၊ မြန်မာ့ဆိပ်ကမ်း စတဲ့ သင့်လျော်ရာအဖွဲ့တွေနဲ့ ဖွဲ့ဖို့ ကျွန်တော်တို့ ရည်ရွယ်ထားပါတယ်။ ဒါကြောင့် မြန်မာ့ဦးပိုင်လီမိတက်မှ သိမ်းယူထားပြီးတဲ့ မြဝတီဘဏ်လီမိတက်ကို ဖွင့်လှစ်ထားတဲ့ MAYO Marine Club အဆောက်အအုံဟောင်းနဲ့ မြေအား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ် (Myanmar Seafarers Federation - MSF)သို့ ပြန်လည်လွှဲပြောင်းပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် မည်ကဲ့သို့ လွှဲပြောင်းပေးမည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

မေယိုမရိမ်းကလပ် တည်ထောင်ရခြင်း၏ ရည်ရွယ်ချက် စာတမ်းပြပုံ (ဖ)

(ပဏာမအားဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ မကြာခဏ ဝင်ရောက် သွားလာလျက်ရှိသော သင်္ဘောသားများအတွက် အပန်းဖြေ စခန်းရိပ်သာ တခုအဖြစ် သင့်တော်သော ကုန်ကျစရိတ်နှင့် တည်းခိုနိုင်ရန် အချိန်အခါ အခြေအနေတို့နှင့် လိုက်လျော ညီထွေစွာ ပင်ကူး သင်္ဘောသားတို့၏ အကျိုးကို ကာကွယ် မြှင့်တင် ဆောင်ရွက်နိုင်ရန်။ )

**OBJECTS OF THE CLUB**

Primarily to provide a Club with the amenities of Club life for officers and men of the Merchant Navy frequenting or visiting the Port of Rangoon, where they may obtain all the privileges of a Club at a moderate charge. Also to provide a refuge for seamen who are shipwrecked and in distress; and generally to protect and further the interests of the Service in such a manner as may from time to time appear necessary or advisable.

## ၁၉၂၈ ခုနှစ်၊ အဆောက်အအုံအသစ် တည်ဆောက်ရန်အတွက် အလှူရှင်များ စာရင်းပြပုံ (ဖ-၁)

### ၁၉၂၈-ခုနှစ်၊ အဆောက်အဦးအသစ် တည်ဆောက်ရန်အတွက် အလှူရှင်များ။

| | |
|---|---|
| Government of India Sunday Penalty fees .. | Rs. 1,60,200- |
| Rangoon Port Commissioners .. .. | ,, 1,00,000- |
| Interests on 6% Bonds .. .. .. | ,, 5,538- |
| Sale of Post Office Certificates .. .. | ,, 9,330- |
| British India Steam Navigation Co., Ltd. .. | ,, 30,000- |
| Burmah Oil Company, Ltd. .. .. | ,, 15,000- |
| Messrs Irrawaddy Flotilla Co., Ltd. .. .. | ,, 3,000- |
| Messrs Bibby Brothers .. .. .. | ,, 2,000- |
| Messrs P. Henderson and Co. .. .. | ,, 2,000- |
| Burma Corporation Ltd. .. .. .. | ,, 1,500- |
| J.W. Darwood Esq. .. .. .. | ,, 1,500- |
| Messrs Lionel Edwards Ltd., Þ Hansa Line ß .. | ,, 1,000- |
| Messrs A. Scott and Company .. .. | ,, 1,000- |
| Messrs Trading Co. ( Late Hegt and Co.) | |
| Þ Bengal Java Line ß .. .. | ,, 500- |
| Messrs Ellermans Hall Line .. .. | ,, 500- |
| Messrs Burma Cold Stores, Ltd. .. .. | ,, 150- |
| G. C. Wodehouse Esq. .. .. | ,, 100- |
| Engineer Commander G. Hull, R. I. M. .. | ,, 20- |
| Captain E. Streets .. .. | ,, 10- |
| | Rs. 3,33,348 |

အဆောက်အအုံ၏ မြင်ကွင်းပုံ (ဖ-၂)



**စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်အတွင်း ခိုအောင်းလှုပ်ရှားနေသော ကသည်းသူပုန်များအား ရှင်းလင်းဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်အတွင်း ခိုအောင်းလှုပ်ရှားနေသော ကသည်းသူပုန်များအား ရှင်းလင်းဖယ်ရှားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ တမူးမြို့နယ်ကို ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်းမှာ ခိုအောင်းလှုပ်ရှားနေတဲ့ ကသည်းသူပုန်များ ရှင်းလင်းဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးမြို့နယ်ဟာ ၁၉၉၀ ခုနှစ်နောက်ပိုင်း အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ် ခွဲထွက်ရေး ကသည်းသူပုန်များ ခိုအောင်းလှုပ်ရှားရာဒေသ ဖြစ်လာပါတယ်။ တမူးမြို့ပေါ် ရပ်ကွက်များနဲ့ ကျေးရွာများတွင် နေအိမ်ခြံဝင်းများဝယ်ယူပြီး ပေါ်ပေါ်ထင်ထင် နေထိုင်လာခဲ့ကြတဲ့အပြင် တမူးမြို့နယ် တောတွင်းတွေမှာပါ အစုအဖွဲ့လိုက် နေထိုင်ကြတာကို ပြည်သူတွေ သိရှိထားကြပါတယ်။ တမူးမြို့နယ်အတွင်း ခိုအောင်းနေကြတဲ့ ကသည်းသူပုန်တွေဟာ နယ်စပ်ဖြတ်ကျော်ပြီး အိန္ဒိယ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အခြားပြိုင်ဘက်လက်နက်ကိုင်အဖွဲ့တွေကို တိုက်ခိုက်လေ့ရှိလို့ တမူးမြို့ နယ်စပ်တစ်လျှောက် မတည်မငြိမ် ဖြစ်နေပါတယ်။

၂၀၁၁ ခုနှစ်မှာ တမူးမြို့ပေါ်ရပ်ကွက်အတွင်းမှာရှိတဲ့ ကသည်းသူပုန်များရဲ့ နေအိမ်တွေကို မြန်မာ့တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာမှာ ပစ္စတို၊ မောင်းပြန်ရိုင်ဖယ်၊ ဗုံးပစ်လောင်ချာ စတဲ့ လက်နက်(၁၀၀၀)ကျော်နဲ့ ခဲယမ်းမီးကျောက် အများအပြား သိမ်းဆည်း ရမိခဲ့လို့ ကသည်းသူပုန်တွေ တမူးမြို့မှာ ခိုအောင်းလှုပ်ရှားနေတယ်ဆိုတာ ကမ္ဘာကတောင် သိပါတယ်။ ၂၀၁၉ ခုနှစ်မှာ လက်နက်တွေ သိုလှောင်ထားတဲ့ တမူးမြို့ပေါ်က ကသည်းသူပုန်တချို့ရဲ့ နေအိမ်မီးလောင်တော့ လက်နက်ခဲယမ်းတွေ ပေါက်ကွဲပြီး အရပ်ရှစ်မျက်နှာကို လွင့်စင်ခဲ့လို့ ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ဒလက်ပါ ဗုံးသီးတစ်လုံးဟာ (၁၀)တန်းအောင်စာရင်း ကြည့်နေသူတွေ အများအပြားရှိတဲ့ ပညာရေးမှူးရုံး သွပ်မိုးကို ဖောက်ပြီး ဗီရိုပေါ် ကျခဲ့ပါတယ်။ အဲဒီ ဗုံးမီးပေါက်ကွဲခဲ့ရင် ကျောင်းသားတွေနဲ့ မိဘပြည်သူတွေ ကံကြမ္မာ ဘယ်လိုရှိမလဲဆိုတာ မတွေးရဲအောင်ပါပဲ။ တမူးမြို့နယ် စန္ဒကူးရပ်ကွက်ထဲမှာနေတဲ့ မြန်မာနိုင်ငံသား၊ ဗမာလူမျိုး ဇနီးမောင်နှံ(၂)ဦးအိမ်က လက်နက်နဲ့ မူးယစ်ဆေးဝါးတွေ ဖမ်းမိခဲ့တာဟာလည်း ကသည်းသူပုန်များနဲ့ ဆက်စပ်ပတ်သက်နေတယ်လို့ သိရှိထားရပါတယ်။ ကသည်းသူပုန်တွေဟာ တစ်ဖက်နိုင်ငံ မိုးရေးမြို့ဈေးနဲ့ တမူးမြို့

နန်းဖာလုံဈေးထဲမှာ ဆက်ကြေးကောက်လို့ မြန်မာဈေးသည်တွေနဲ့ ပဋိပက္ခဖြစ်ရတာတွေ ရှိခဲ့ဖူးပါတယ်။ ကသည်းသူပုန်အဖွဲ့တွေနဲ့ ဆက်စပ်ပတ်သက်လို့ တစ်ဖက်နိုင်ငံ အဖွဲ့အစည်းတွေနဲ့ ဖမ်းဆီးလုပ်ကြံသတ်ဖြတ်မှုကြောင့် မြန်မာနိုင်ငံသား(၅)ဦးထက်မနည်း အသက်ဆုံးရှုံးခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှာ တမူးမြို့ပေါ်မှာနေထိုင်တဲ့ ကသည်း သူပုန်(၁)ဦး နေ့ခင်းကြောင်တောင် တမူးမြို့လယ်ခေါင်မှာ ပစ်သတ် သတ်ဖြတ်ခံခဲ့ရပါတယ်။ တရားခံဘယ်သူလဲဆိုတာ ယနေ့အထိ မသိနိုင်ကြပါဘူး။ တမူးမြို့ပေါ်နဲ့ ကျေးလက်ဒေသတွေမှာ ဗုံးထောင်ဖောက်ခွဲမှု၊ အပြန်အလှန် လက်တုန့်ပြန်မှု၊ ပစ်ခတ်သတ်ဖြတ်မှုတွေကြောင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေပြီး ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ထိခိုက်နစ်နာနေရပါတယ်။ တမူးမြို့ပေါ်မှာ ယနေ့အချိန်အထိ နောက်ဆုံးဖြစ်ပွားခဲ့တဲ့ ပေါက်ကွဲမှုကတော့ ၂၀၁၇ ခုနှစ်၊ မေလ ၁၆ ရက် နံနက်(၂)နာရီခွဲနဲ့ (၂)နာရီ(၄၀)မိနစ် အချိန်မှာ (၂)ကြိမ်ဆက်တိုက် ပေါက်ကွဲခဲ့တဲ့ ပေါက်ကွဲမှုကြီး ဖြစ်ပါတယ်။ လူတွေထိခိုက်မှု မရှိခဲ့ပေမယ့် အနီးဝန်းကျင်ကနေအိမ်တွေနဲ့ အ.မ.က ကျောင်း၊ အ.မ.က (၉)ကျောင်းဆောင် လေကာမှန်တွေ တော်တော်များများ ပျက်စီးခဲ့ရပါတယ်။ ကသည်းသူပုန်တွေနဲ့ ဆက်စပ်ပတ်သက်နေတဲ့ ပစ်ခတ်သတ်ဖြတ်မှု၊ ပေါက်ကွဲမှုတွေကြောင့် ဒေသခံပြည်သူတွေရဲ့ဘဝ လုံခြုံရေး အစိုးရက ဆောင်ရွက်မပေးနိုင်ဘူးလို့ ပြည်သူတွေ ခံစားနေရပါတယ်။

ကျွန်တော်တို့ တမူးဒေသခံပြည်သူတွေရဲ့ အသက်ကို ဖက်နဲ့ထုတ်ထားရမလား မေးချင်ပါတယ်။ အစိုးရက ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိနေပါတယ်။ ဒါကြောင့် တမူးမြို့ပေါ်မှာရှိတဲ့ ကသည်းသူပုန်တွေ အပြီးတိုင် ရှင်းလင်းဖယ်ရှားပေးဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ဖြေရှင်းရမယ့် တင်ပြရမယ့် မေးခွန်းများကို တစ်ခုချင်း ကျွန်တော် ဆက်လက် ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း မှ မြန်မာ့ဦးပိုင် ကုမ္ပဏီမှ သိမ်းယူထားပြီး မြဝတီဘဏ်ခွဲ ဖွင့်လှစ်ထားသော MAYO Marine Club အဆောက်အအုံဟောင်းနဲ့

မြေအား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအဖွဲ့ချုပ်သို့ ပြန်လည် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ရှင်းလင်း တင်ပြသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ အဆောက်အအုံဟောင်းနဲ့ မြေဟာ ရေတပ်ပင်မတိုင်းတာရေးတပ် နေရာဟောင်းရဲ့ တပ်ပိုင်မြေ (၁.၃၆)ဧကအတွင်း ပါဝင်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်စွဲပါစာအမှတ်၊ ရကစ/မြို့ပြမြေနေရာ/မြေစီမံ/၉၄(၆၂၆)အရ တပ်မြေကာကွယ်ရေးဌာန တပ်မတော်(ရေ)အမည်ဖြင့် မြို့အမည်စာရင်းတွင် မှတ်သားထားရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါ တပ်ပိုင်မြေ(၁.၃၆)ဧကအနက်မှ (၀.၀၈၁)ဧကအား တပ်မတော်(ရေ)မှ အရာရှိစစ်သည်မိသားစုများသို့ သောက်သုံးရေဖြန့်ဝေပေးသည့် အဝီစိတွင်း၊ ရေတင်စက်၊ ရေသိုလှောင်ကန်များ ဆောက်လုပ်အသုံးပြုထားရှိပြီး ကျန်မြေ (၁.၂၇၉)ဧက အား မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ငှားရမ်းပြီး လန်းပြီ ပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်(ရုံးချုပ်)အား ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှစ၍ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ယခုအခါ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်အနေဖြင့် အဆောက်အအုံအား မူလပုံစံမပျက်ထားရှိပြီး ကုန်သွယ်မှုလုပ်ငန်းများဌာနကြီး၊ မြဝတီထရေးဒင်းလီမိတက်(ရုံးချုပ်)၊ ဝန်ဆောင်မှုလုပ်ငန်းများဌာနကြီး၊ လန်းပြီပင်လယ်ရေကြောင်းကုမ္ပဏီလီမိတက်(ရုံးချုပ်)နှင့် မြဝတီဘဏ် လီမိတက်(ဗိုလ်အောင်ကျော်ဘဏ်ခွဲ)တို့အား ဖွင့်လှစ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ အဆောက်အအုံဟောင်းနှင့် မြေနေရာသည် ရေတပ်ပင်မတိုင်းတာရေးတပ်(နေရာဟောင်း)၏မြေနေရာဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တပ်ပိုင်မြေအဖြစ် အမှတ်အသားထားရှိပြီးဖြစ်ခြင်း၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်မှ ဘဏ်လုပ်ငန်းနှင့် ပင်လယ်ရေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခြင်း မရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ၏ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်အတွင်း ခိုအောင်းလှုပ်ရှားနေသော ကသည်းသူပုန်များအား ရှင်းလင်းဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

တမူးမြို့ဟာ တစ်ဖက် အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့နဲ့ နယ်နိမိတ်ချင်းထိစပ်လျက်ရှိပြီး နန်းဖာလုံဈေးအား နယ်စပ်ဂိတ်(၁)နဲ့ (၁၂၀၀)မီတာခန့်ကွာဝေးပြီး ဂိတ်(၂)နဲ့ တစ်ဆက်တည်းတည်ရှိပါတယ်။

တမူးမြို့ရှိ ရပ်[illegible]
ရှမ်း၊ ရခိုင်၊ ကရင်၊ ကချင် အပါအဝင် အခြားလူမျိုး(၄၈၈၈)ဦး စုစုပေါင်းလူဦးရေ (၄၂၃၄၈)ဦး ခန့်နေထိုင်ကြောင်း တွေ့ရှိရပြီး ခရိုင်အုပ်ချုပ်ရေးမှူးတစ်ဦး အုပ်ချုပ်သည့်နယ်မြေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်းတွင် ပါရှိသည့် တမူးမြို့နယ်အတွင်း ပေါက်ကွဲမှုများမှာ လက်လုပ်အသံမိုင်းများကြောင့်ဖြစ်ပြီး နှစ်နိုင်ငံနယ်စပ်ဒေသအတွင်း ဖြစ်လေ့ဖြစ်ထရှိသည့် အနေအထားဖြစ်ကြောင်း တွေ့ရှိရပါတယ်။

တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ်မှစ၍ ယနေ့အချိန်ထိ လက်နက်ကိုင်ဝင်ရောက်မှု(၂၉) ကြိမ်အား ဖော်ထုတ်ဖမ်းဆီးရရှိခဲ့ပြီး နှစ်နိုင်ငံတပ်မတော်အချင်းချင်း၊ လုံခြုံရေးအဖွဲ့အချင်းချင်း သတင်းဖလှယ်မှုဖြင့် လုံခြုံရေးအား အပြည့်အဝ ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် တရားဥပဒေစိုးမိုးရေးတာဝန်များရှိသည်မှာ မှန်ပါသော်လည်း (၁၀၁၆)မိုင်ရှည်လျားသည့် နယ်စပ်တစ်လျှောက် လုံခြုံရေးဆောင်ရွက်ရမှုအတွက် ယင်းကဲ့သို့ မြို့/ရွာလုံခြုံရေးထိခိုက်စေသည့် သတင်းအချက်အလက်များရရှိပါက ဒေသခံပြည်သူများမှာ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ အချိန်မီသတင်းပို့ပေးခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးမှာလည်း လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ တမူးမြို့နယ်အတွင်းနှင့် နယ်စပ်တစ်လျှောက်တွင် တစ်ဖက်နိုင်ငံအခြေပြု အကြမ်းဖက်သောင်းကျန်းသူများနှင့် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု မရှိစေရေးနှင့် တမူးမြို့နယ်အတွင်း ခိုအောင်းလှုပ်ရှားမှု မရှိစေရေးအတွက် နယ်စပ်ဂိတ်များမှလွဲ၍ နယ်စပ်မြို့များတွင် မသင်္ကာဖွယ်များအား နေ့/ညစစ်ဆေးရန်ကိစ္စများသည် အခြေအနေ အချိန်အခါနှင့် အခြားကန့်သတ်ချက်များစွာ ရှိနေပါတယ်။ သို့သော်လည်း တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ နယ်စပ်မြို့များ လုံခြုံရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ကျေးဇူးအများကြီးတင်ပါတယ်။ ဒီပြည်သူတွေနဲ့။ ဟုတ်ကဲ့။ ဒီ ကသည်းသူပုန်တွေကိစ္စနဲ့ ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့(၃)လက နှစ်ဦးလုံးပြောင်းရွှေ့သွားပြီဖြစ်တဲ့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦး နဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင့်ဝေ နဲ့ ကျွန်တော် ဆွေးနွေးခဲ့ဖူးပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီးတော့ သူတို့မှာ လုပ်ဆောင်နိုင်စွမ်းမရှိဘူးလို့ ကျွန်တော်ကို ပြောပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြောချင်တာက ပြည်သူတွေက၊ ရဲတပ်ဖွဲ့တွေကို ခရိုင်အုပ်ချုပ်ရေးမှူးတွေကို သတင်းသွားပေးလို့ သူတို့က တုန့်ပြန်မှုမရှိခဲ့ဘူးဆိုရင်လည်း ဘယ်လို ဆောင်ရွက်မလဲဆိုတာ သိချင်ပါတယ်။

နောက်တစ်ချက် ဒီနေ့မနက် (၉)နာရီ (၁၅)မိနစ်မှာ ဟဲဆင်းဒေသခံပြည်သူတစ်ဦးက ကျွန်တော့်ကို သတင်းပေးတာရှိပါတယ်။ အဲဒီ ဟဲဆင်းကျေးရွာဆိုတာ တမူးမြို့နဲ့ (၁)မိုင်ပဲ ဝေးတဲ့ ကျေးရွာဖြစ်ပါတယ်။ အဲဒီ ဟဲဆင်းကျေးရွာမှာ ကသည်း သူပုန်နေထိုင်တဲ့ အိမ်ပေါင်း (၁၂)အိမ်တိတိ ရှိပါတယ်။ အဲဒီမှာ ယောကျ်ား၊ မိန်းမ ခိုလှုံနေထိုင်ခဲ့ကြတဲ့ ကသည်း သူပုန်တပ်ဖွဲ့ဝင်တွေ (၇၀)နီးပါး

ကျေးရွာမှာ နေထိုင်တဲ့ ကသည်း သူပုန်တွေကို ဘယ်လို စီစဉ်ဆောင်ရွက် ဖယ်ရှားပေးမလဲဆိုတာ ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် သိရှိလို၍ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီး မေးခွန်းနဲ့ပတ်သက်ပြီးတော့ ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဆက်လက် ရှင်းလင်း ဖြေကြားသွားပါမယ်။ ဒါ ကျွန်တော်တို့ တမူးမြို့နယ်အတွင်းမှာ ခိုအောင်းလှုပ်ရှားနေတဲ့ ကသည်း သူပုန်တွေ ရှင်းလင်းဖယ်ရှားရန် အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်လို့တော့ ကျွန်တော် ပထမအကြိမ်မှာလည်း မေးခွန်းကိုတော့ ပဏာမ ဖြေကြားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ထပ်ဆင့်မေးခွန်း ပေါ်လာတဲ့အတွက်ကြောင့် ကျွန်တော်တို့ တပ်မတော်ရဲ့ ဆောင်ရွက်ချက်တွေကို ရှင်းလင်းပြပါမယ်။

နောက် ဒီအပိုင်းမှာလည်း ခုနပြောသလို အသေးစိတ်ပေါ်လာတဲ့ သတင်းပေးတာတို့ နောက် ပြည်သူအတွင်းမှာ ဆောင်ရွက်တဲ့ကိစ္စတွေက ဘယ်ဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်မယ်ဆိုတာ ရှင်းလင်းပါလိမ့်မယ်။ ကျွန်တော်တို့ တပ်မတော်အနေနဲ့ကတော့ ဒါ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံဆိုတာ နယ်နိမိတ်ချင်းထိစပ်နေပါတယ်။ ဒီကသည်းသူပုန်ဆိုတာလည်း တစ်ဖက်နိုင်ငံကို အခြေပြုပြီး တစ်ဖက်နိုင်ငံရဲ့ သူပုန်အဖွဲ့အစည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံဟာ နယ်နိမိတ်ချင်းထိစပ်ပြီးတော့ (၁၀၂၁)မိုင် ရှည်လျားပါတယ်။ တမူးခရိုင်နဲ့ မဏိပူရ နယ်နိမိတ်ထိစပ်မှုကလည်း (၇၈)မိုင်ရှိပါတယ်။ ကျွန်တော်တို့ ၁၉၄၈ ခုနှစ်ကစပြီးတော့ အိန္ဒိယနိုင်ငံနဲ့ နှစ်နိုင်ငံဆက်ဆံရေးစတင်ခဲ့တယ်။ သမိုင်းကြောင်းတစ်လျှောက်မှာ နှစ်နိုင်ငံတပ်မတော်ချင်းကလည်း ချစ်ကြည်ရင်းနှီးမှုရှိပြီးတော့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်တာတွေရှိခဲ့ပါတယ်။

နှစ်နိုင်ငံတပ်မတော်နဲ့ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ နယ်စပ်ကော်မတီအစည်းအဝေးကို (၆)လတစ်ကြိမ် ကျင်းပတယ်။ ကျင်းပတဲ့အခါမှာ လောလောလတ်လတ်ပဲ ၂၀၁၇ ခုနှစ်၊ မေ(၈) ရက်နှင့် (၁၁) ရက်နေ့တို့မှာ (၁၀)ကြိမ်မြောက် နှစ်နိုင်ငံ ဒေသအဆင့် နယ်ခြားနယ်စပ်ကော်မတီ အစည်းအဝေးကို ကလေးမြို့နဲ့မုံရွာမြို့တို့မှာ ကျင်းပပြုလုပ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနဲ့ တစ်ဖက်ကလည်း အမှတ်(၅၇)တောင်ပေါ်တပ်မမှူးတို့ တက်ရောက်ပြီးတော့ ဒီအစည်းအဝေးကာလမှာလည်း နယ်စပ်ဖြတ်ကျော်မှုခင်းတွေ၊ အကြမ်းဖက်မှုတွေ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက်မှာ သောင်းကျန်းသူများ လျော့နည်းပပျောက်စေရေးနှင့် နယ်စပ်ဒေသ လုံခြုံရေး၊ ဖွံ့ဖြိုးရေးလုပ်ဆောင်မှုများကို ရင်းနှီးစွာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။ နှစ်နိုင်ငံ အောက်ခြေအဆင့် လုံခြုံရေးညှိနှိုင်း အစည်းအဝေးများကိုလည်း မကြာခဏ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အောက်ခြေအဆင့်မှာဆိုလည်း တစ်လ(၁)ကြိမ် သူ့ဖက်ကိုယ့်ဖက် အောက်ခြေခေါင်းဆောင်များ အချင်းချင်း သတင်းဖလှယ်ခြင်းနှင့် လုံခြုံဆွေးနွေးခြင်းများ ပြုလုပ်ပြီးတော့ နှစ်ဖက်နိုင်ငံနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ မဖြစ်ပွားစေရေးနဲ့ တစ်ဖက်နိုင်ငံအတွင်း မိမိဘက်မှ ပြစ်မှုကျူးလွန်သူများ ထွက်ပြေးခိုလှုံမှုမရှိစေရန်အတွက်လည်း နယ်စပ်လုံခြုံရေးအား အလေးပေး ဆောင်ရွက်လျက်ရှိပါတယ်။

နှစ်နိုင်ငံနယ်နိမိတ်ချင်း ခွဲခြားထားသော်လည်း နယ်စပ်နေ ပြည်သူများအနေဖြင့် အပြန်အလှန်သွားလာပြီးတော့ စီးပွားရေးလုပ်ငန်းဆက်နွှယ်မှု၊ ဓလေ့ထုံးတမ်းနဲ့ ယဉ်ကျေးမှုများတူညီမှု၊ စည်းရိုးခြား သော်လည်း လူမှုရေးဆက်နွှယ်မှုများရှိတဲ့ တမူးအနေဖြင့် ပြည်သူနဲ့ သောင်းကျန်းသူအား ခွဲခြားရန် ခက်ခဲသောဒေသဖြစ်ပါတယ်။ ထို့သို့သော ဒေသများမှာ ရန်သူနဲ့ပြည်သူခွဲခြားပြီး နှစ်နိုင်ငံ အောက်ခြေအဆင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီးတော့ သတင်းဖလှယ်ခြင်းမှအပ အခြားမည်သို့မျှ လုပ်ဆောင်၍ မရသော ဒေသလည်းဖြစ်ပါတယ်။ အိန္ဒိယ မဏိပူရ နဲ့ မြန်မာနယ်စပ် တမူးခရိုင်မှာဆိုရင် နယ်မြေထိစပ်မှုအများစုက တောင်တန်းနဲ့ တောတောင်ထူထပ်စွာ ပေါက်ရောက်ခြင်း၊ လူနေကျဲပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကို အခွင့်ကောင်းယူပြီးတော့ အိန္ဒိယအစိုးရကို ဆန့်ကျင်ဖက်ဖွဲ့စည်းရာ နယ်မြေချဲ့ထွင်မှုအပေါ် မိမိတပ်မတော်ကလည်း နယ်မြေခံတပ်များဖြင့်သော်လည်းကောင်း၊ စစ်ဆင်ရေးတစ်ရပ်ဖြင့်လည်းကောင်း လှုပ်ရှားပြီးတော့ သတင်းရရှိမှုအပေါ် မူတည်ပြီးတော့ စစ်ဆင်ရေး၊ လုံခြုံရေးနဲ့ နယ်မြေစိုးမိုးရေးတာဝန်များကို ဆောင်ရွက်လျက် ရှိပါတယ်။ တစ်ဖက်နိုင်ငံအား ဆန့်ကျင်တိုက်ခိုက်တဲ့ သောင်းကျန်းသူ အဖွဲ့အစည်းကိုဖြစ်စေ၊ ၎င်းအဖွဲ့အစည်းကို ဖြစ်စေ၊ လက်ခံကူညီပေးနေသူကိုဖြစ်စေ မည်သည့်အဖွဲ့အစည်းကိုမျှ မိမိနိုင်ငံအတွင်း လက်ခံခွင့်ပြု အခြေချခွင့်ပေးမည်မဟုတ်ကြောင်းကိုလည်း အစဉ်အဆက် တပ်မတော်ရဲ့ မူဝါဒသဘောထားအဖြစ် အလေးထား ဖြေကြားအပ်ပါတယ်။

လက်ရှိ ကိုယ်စားလှယ်ကြီး မေးခွန်းမှာပါတဲ့ သတင်းအတိအကျ ရရှိကြောင်းနဲ့ ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနက လုပ်ဆောင်ရတဲ့အရာတွေကို လုပ်ဆောင်ပါ။ လုပ်ဆောင်လို့မရတဲ့ အပိုင်းမှာ တပ်မတော်က ကျွန်တော်တို့ အမြဲတမ်းကူညီဆောင်ရွက်ပေးပါတယ်။ ကျွန်တော်တို့က ဒီနယ်စပ်မြို့တွေ ဒီတစ်ခုတည်းမဟုတ်ဘဲနဲ့ အခုလက်ရှိ မကြာခင်မှာဘဲ လတ်တလောကပဲ ကျွန်တော်တို့ အရေးကြီးကိစ္စတွေ ရခိုင်ပြည်နယ်ကိစ္စနဲ့လည်း တပ်တွေထုတ်နုတ်ပြီး သုံးစွဲရသလို လက်ရှိပြည်တွင်း မငြိမ်းချမ်းမှုဖြစ်နေတဲ့ကာလမှာ ကျွန်တော်တို့ နယ်မြေအနှံ့၊ ဒေသအနှံ့ နယ်စပ်အချို့မှာ လုံခြုံရေး ပူးပေါင်းဆောင်ရွက်ပေးတဲ့အတွက်ကြောင့် ယခုလက်ရှိမှာလည်း ကိုယ်စားလှယ်ကြီး ပြောသလို ပြည်သူတို့ကလည်း သတင်းပေး ပေးပါ။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ပြည်သူ့တပ်ဖွဲ့နဲ့ကူညီဆောင်ရွက်မှုများစွာ မနိုင်ဝန်များဖြစ်လာတဲ့အခါမှာ တပ်မတော်က စစ်ဆင်ရေးနဲ့ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးအတွက်ကို အရေးယူဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ်ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားရေးအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီး ဌာနအားလုံးအတွက် နိုင်ငံ့ဝန်ထမ်းများ ခေါ်ယူခန့်အပ်ရာတွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ ဟူသော ကန့်သတ်ချက်အား ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားရေးအဖွဲ့မှ သက်ဆိုင်ရာ ဝန်ကြီးဌာန အားလုံးအတွက် နိုင်ငံ့ဝန်ထမ်းများ ခေါ်ယူခန့်အပ်ရာတွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ ဟူသော ကန့်သတ်ချက်အား ပြောင်းလဲ ပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ဟုတ်ကဲ့။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ယနေ့ အမျိုးသားလွှတ်တော်မှာ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့် မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်ခန့်ထားရေးအဖွဲ့မှ သက်ဆိုင်ရာဝန်ကြီးဌာန အားလုံးအတွက် နိုင်ငံ့ဝန်ထမ်းများ ခေါ်ယူခန့်အပ်ရာမှာ အသက်(၂၅)နှစ်ထက် မကျော်လွန်စေရ ဟူသော ကန့်သတ်ချက်အား ပြောင်းလဲ ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နိုင်ငံ့ဝန်ထမ်းများ ခေါ်ယူခန့်အပ်နိုင်ရန်အတွက် အရည်အချင်းစစ်စာမေးပွဲများဖြေဆိုရာမှာ အသက်(၂၅)နှစ်ထက် မကျော်လွန်စေရဟူသော အသက်ကန့်သတ်ချက်ကြောင့် အသက်(၂၅)နှစ်ကျော်လွန်တဲ့ ဘွဲ့ရလူငယ်များအတွက် မျှော်လင့်ချက်အခွင့်အရေးများ ပျောက်ဆုံးနေကြခဲ့ရပါတယ်။ လက်ရှိမိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးစနိုင်ငံတစ်ခုအဖြစ် တာစူနေပါသော်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးနေဆဲဖြစ်ပြီး ခေါ်ယူခန့်ထားတဲ့ ဝန်ထမ်းအရေအတွက်မှာလည်း အကန့်အသတ်ဖြင့်သာ ခေါ်ယူခန့်ထားနေဆဲဖြစ်သည့်အတွက် ဘွဲ့ရ အလုပ်လက်မဲ့များစွာ ရှိနေဆဲပါ။ အချို့သော ဝန်ကြီးဌာနများက အသက်(၃၀)ထိ ခွင့်ပြုထားသည်ကို သိရှိရပါသော်လည်းပဲ လက်ရှိနိုင်ငံရဲ့ ပကတိအခြေအနေအရ ဝန်ကြီးဌာနအားလုံးအနေနဲ့ အသက်(၃၀)အထိ ခွင့်ပြုသင့်သည်လို့ ယူဆမိပါတယ်။ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာဘွဲ့ရသူများကိုတော့ အသက်(၃၅)နှစ်ထိလည်းကောင်း၊ In-service ဝန်ထမ်းများအတွက်တော့ အသက်(၄၀)အထိ ခွင့်ပြုရင် ပိုကောင်းမယ်လို့ မိမိအနေနဲ့ ယုံကြည်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ခေတ်အဆက်ဆက် နိုင်ငံ့ဝန်ထမ်းအလုပ် တစ်ခုခု ရဖို့၊ ငွေကြေးမပြည့်စုံသူ၊ ဆိုင်ရာပိုင်ရာတို့နဲ့ ရင်းနှီးကျွမ်းဝင်မှုမရှိသူ၊ ဌာနဆိုင်ရာများနဲ့ အဆက်အသွယ် မကောင်းတဲ့သူများအတွက်ကတော့ နိုင်ငံ့ဝန်ထမ်းအလုပ်ဆိုတာ ရေပေါ်အရုပ်ရေးရသလို အိပ်မက် တစ်ခုသာ ဖြစ်ခဲ့ပါတယ်။ မည်သူ့ကို အပြစ်မတင်လို ရိုးမယ်မဖွဲ့လိုပါ။ ပညာရေးလောကအတွင်း ဝင်ရောက်ဖို့ နေ့စားလပေး ပညာရေးဝန်ထမ်းပေးတစ်ဦးဖြစ်ဖို့ပင် တော်တော်လေး ခက်ခက်ခဲခဲ နည်းလမ်းမျိုးစုံနဲ့ ကြိုးစားခဲ့ရတာကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သိရှိပြီး ဖြစ်ပါလိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အသက်(၂၅)နှစ်နဲ့ (၃၀)ကြား၊ အသက်(၃၀)နှင့် (၃၅)နှစ်ကြား အင်မတန်မှ အလုပ်လုပ်နိုင်သူ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုသူ ဘွဲ့ရပညာ တတ်လူငယ်များစွာ ရှိနေတာကို နိုင်ငံတော်အစိုးရအနေနဲ့ အထူးအလေးအနက်ထား သတိပြုဖို့ လိုအပ်မှာပါ။ အသက်(၁၇)နှစ်မှာ တက္ကသိုလ်ဝင်တန်းရောက်၊ အသက်(၂၀)နှစ်မှာ ဘွဲ့ရပြီးတော့မှ အသက်(၂၅)နှစ် မပြည့်မီ ဘွဲ့ရပြီး (၃)(၄)နှစ်တာကာလအတွင်းမှာ မိမိရဲ့ ပညာအရည်အချင်းအလိုက် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ဖို့ဆိုတာ တော်တော်ကို မလွယ်လှတဲ့ ကိစ္စတစ်ခုပါ။ အသက်(၂၅)နှစ်ထက် မကျော်လွန်သူများသာ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရှိမယ်ဆိုရင် အသက်(၂၅)နှစ် အထက် ဘွဲ့ရလူငယ်များအားလုံးကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်မရှိလို့ ပိတ်ပင်လိုက် သလို ဖြစ်နေပါတယ်။ မြို့ကြီးပြကြီးများမှာ နေထိုင်တဲ့သူများအတွက် အခြားအလုပ်အကိုင် အခွင့် အလမ်းရှာဖွေ လုပ်ကိုင်ရတာ လွယ်ကူလှပေမယ့် လူဦးရေ(၇၀)ရာခိုင်နှုန်းနေထိုင်တဲ့ ကျေးလက်ဒေသ နှင့် မြို့ငယ်လေးများမှာတော့ အလုပ်အကိုင်အခွင့်အလမ်းဟာ အတော့်ကို ရှားပါးလှပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းလေးပေါ်လာလို့ အလုပ်လျှောက်မယ်ဆိုတော့ အသက်ကန့်သတ်ချက် ကြောင့် လျှောက်လို့မရတာ ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက် မိမိတို့နိုင်ငံရဲ့ ဘွဲ့ရပညာတတ်လူငယ်များ မိမိတို့ရဲ့ အိမ်နီးချင်းနိုင်ငံများသို့ နည်းလမ်းမျိုးစုံနဲ့ မိမိတို့ ဘဝရှင်သန်ရပ်တည်ဖို့အတွက် စွန့်စားပြီး နိုင်ငံ စွန့်ခွာ အလုပ်လုပ်ကိုင်နေကြတဲ့ လူဦးရေပေါင်း သန်းနဲ့ချီရှိတာကို အားလုံးသိရှိပြီး ဖြစ်ပါလိမ့်မယ်။ ဒီနေ့ထက်တိုင် နိုင်ငံရဲ့ လူသားအရင်းအမြစ်များ များစွာ ဆုံးရှုံးနေရဆဲပါ။ အလျဉ်းသင့်လို့ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းကပဲ ထိုင်းအစိုးရရဲ့ အလုပ်ရှင်၊ အလုပ်သမား ဥပဒေအသစ်ကြောင့် ကျွန်တော်တို့ နိုင်ငံကနေ ထိုင်းနိုင်ငံကို အထောက်အထားမခိုင်လုံဘဲနဲ့ သွားရောက် အလုပ်လုပ်ကိုင်နေကြတဲ့ ကျွန်တော်တို့မြန်မာနိုင်ငံသား အလုပ်သမားများကို ထိုင်းအစိုးရစီမံချက်နှင့် စစ်ဆေးဖမ်းဆီးနေတဲ့ အတွက် ထိုင်းနိုင်ငံကနေ မြန်မာနိုင်ငံကို အပြေးပြန်လာခဲ့ရတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံသား အလုပ်သမားတွေ အများကြီးပါ။ ဖမ်းဆီးခံပြီး စစ်ဆေးခံနေရတဲ့ မြန်မာနိုင်ငံသားတွေရဲ့ အဖြစ်အပျက် ကို လူမှုကွန်ယက်စာမျက်နှာမှာ မြင်တွေ့လိုက်ရတော့ များစွာ စိတ်မကောင်းဖြစ်ရပါတယ်။ အခုတော့ ရက်(၁၂၀)တိုးပေးတော့ဆိုတော့ စိတ်သက်သာရာ ရမိပါသေးတယ်။ ဒါတွေဟာ ကျွန်တော်တို့ ခေတ်အဆက်ဆက် နိုင်ငံစီးပွားရေးဆုတ်ယုတ်ကျဆင်းခဲ့မှုနဲ့အတူ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးခဲ့မှုတွေရဲ့ အကျိုးဆက်ရလဒ်တွေလို့ ဒီလိုပဲ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ ဝန်ကြီးဌာနတော်တော်များများမှာ နေ့စားဝန်ထမ်းဘဝနဲ့ နှစ်နဲ့ချီပြီး အနစ်နာခံ တာဝန်ထမ်းဆောင်နေကြတဲ့ နေ့စားဝန်ထမ်းများကိုလည်း သူတို့ရဲ့မိသားစုဘဝ ရှင်သန်ရပ်တည်မှုအတွက် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးနိုင်ဖို့အတွက်လည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီနေရာကနေ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတိုက်တွန်းလိုက်ပါရစေ။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံအတွင်း အသက်(၂၅)နှစ်အထက် ကျော်လွန်နေသူများအား၊ ဘွဲ့ရပညာတတ်လူငယ်များအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့် အခွင့်အလမ်းများ မဆုံးရှုံးရစေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ဝန်ကြီးဌာနအားလုံးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နိုင်ငံ့ဝန်ထမ်းများ ခေါ်ယူခန့်အပ်ရာတွင် အသက်(၂၅)နှစ်အထက် မကျော်လွန်ရဟူသော ကန့်သတ်ချက်အား ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အကယ်၍ အစီအစဉ် ရှိသည်ဆိုပါက မည်သည့်အချိန် မည်ကဲ့သို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးသွားမည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဒေါက်တာဝင်းသိမ်း (ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် မှ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ခန့်ထားရေးအဖွဲ့မှ သက်ဆိုင်ရာ ဝန်ကြီးဌာနအားလုံးအတွက် နိုင်ငံ့ဝန်ထမ်းများ ခေါ်ယူခန့်အပ်ရာတွင် အသက်(၂၅)နှစ်ထက် မကျော်လွန်စေရဟူသော ကန့်သတ်ချက်အား ပြောင်းလဲပြင်ဆင် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းလာသည့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ နည်းဥပဒေများ၊ နည်းဥပဒေ ၈ တွင် ဝန်ထမ်းအဖွဲ့အစည်းများသည် လစ်လပ်သော ပြန်တမ်းဝင် အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများတွင် ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်လိုပါက ရွေးချယ်ပေးရမည့် အရေအတွက်နှင့် သတ်မှတ်ချက်များဖော်ပြ၍ ရွေးချယ်ပေးရန်အဖွဲ့သို့ အဆိုပြုရမည် ဟူ၍ သတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။ အဆိုပါ နည်းဥပဒေ ပြဋ္ဌာန်းချက်ပါ သတ်မှတ်ချက်များဆိုသည်မှာ ခန့်အပ်

မည့်ရာထူးအတွက် ဆီလျော်သင့်တော်မည့် ပညာအရည်အချင်းနှင့် အသက် သတ်မှတ်ချက်တို့ အကျုံးဝင်ပါရှိပါတယ်။

သို့ပါ၍ လစ်လပ်ရာထူးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ကြော်ငြာခေါ်ယူ စစ်ဆေးရွေးချယ်ပေးနိုင်ရန် ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ စတင် အဆိုပြုစဉ်ကပင် ခန့်အပ်မည့်ရာထူးအတွက် လုပ်ငန်းသဘောသဘာဝများအပေါ် တည်မှီကာ ပညာအရည်အချင်း နှင့် အသက်သတ်မှတ်ချက်အပါအဝင် အခြားသော သတ်မှတ်ချက်များကိုပါ ထည့်သွင်းဖော်ပြ၍ အဆိုပြု လာခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၇၊ နည်းဥပဒေ ၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)တို့အရ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးမှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် ရာထူးနေရာလစ်လပ်မှုရှိသဖြင့် ပြင်ပပုဂ္ဂိုလ်အား ခန့်အပ်လိုကြောင်း အဆိုပြုလာမှုအပေါ် ပြည်ထောင်စု ရာထူးဝန်အဖွဲ့နည်းဥပဒေများ၊ နည်းဥပဒေ ၉ မှ နည်းဥပဒေ ၁၈ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြော်ငြာခေါ်ယူပေးခြင်း၊ ရေးဖြေစာမေးပွဲ ကျင်းပစစ်ဆေးခြင်း၊ စိတ်အခြေအနေ စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများ အဆင့်ဆင့်ဆောင်ရွက်ပြီးနောက် အဆိုပြုသည့် အရေအတွက်အတိုင်း ရွေးချယ်ပေးခြင်းလုပ်ငန်းတာဝန်ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အမှုထမ်းအဆင့် ရာထူးများခန့်ထားခြင်းကိုမူ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ယင်းတို့၏ စီမံခန့်ခွဲမှု နည်းလမ်းများအရ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ထို့သို့ ဆောင်ရွက်ရာတွင် တရားမျှတ မှန်ကန်မှုရှိစေရန် လိုက်နာ ကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၅ မှ နည်းဥပဒေ ၂၂ အထိ တိတိကျကျ ပြဋ္ဌာန်းထားရှိပြီး အဆိုပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များက လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ထမ်းတစ်ဦးကို ဖွဲ့စည်းပုံပါ ရာထူးတစ်ခု၌ အတည်ပြုခန့်ထားရာတွင် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဃ)အရ ဝန်ထမ်းသည် အသက်(၁၈)နှစ် ပြည့်ပြီးဖြစ်ရ မည်ဟု ဝန်ထမ်းအဖြစ် စတင်ခန့်ထားနိုင်သည့်အသက်ကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမှတစ်ပါး နိုင်ငံ့ ဝန်ထမ်းနည်းဥပဒေများတွင် အခြား အသက်ကန့်သတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါ။

နိုင်ငံ့ဝန်ထမ်းများအား ခေါ်ယူခန့်ထားရာတွင် အသက်ကန့်သတ်ချက်ကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့မှ သတ်မှတ်ပေးခြင်းမဟုတ်ပါ။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးနေရာများကို ပြင်ပပုဂ္ဂိုလ်များအား ခန့်အပ်လို၍ သတ်မှတ် ချက်များနှင့်အညီ အဆိုပြုလာသည့်အပေါ် ကြော်ငြာခေါ်ယူ၍ စစ်ဆေးရွေးချယ်ပေးခြင်းကိုသာ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဆောင်ရွက်ရပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့၏ လုပ်ငန်းလိုအပ်ချက်နှင့် လုပ်ငန်းသဘောသဘာဝများမှာလည်း တူညီမှုမရှိသဖြင့်လည်းကောင်း၊

ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့်ရာထူးအတွက် အသက်ကန့်သတ်မှုကို တစ်ပြေးညီသတ်မှတ်မည်ဆိုပါက မျိုးဆက်သစ်အရာထမ်းငယ်များ မွေးမြူပျိုးထောင်သည့်စနစ်ကို မဖော်ဆောင်နိုင်သည့် အနေအထားများလည်း ဖြစ်ပေါ်လာနိုင်သဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအားလုံးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က သတ်မှတ်ခြင်းထက် Clear Development Program လို့ခေါ်တဲ့ လုပ်ငန်းသဘာဝအလိုက် ဖွံ့ဖြိုးတိုးတက်မှု အစီအစဥ်အရ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအလိုက်သာလျှင် လက်ရှိအခြေအနေကို သုံးသပ်၍ သတ်မှတ်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ပါသဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ အသက်ကန့်သတ်ချက်အား သတ်မှတ်ပေးရန် အစီအစဥ်မရှိပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီ၊ အဖွဲ့များနှင့် ပြည်ပအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ တစ်ဦးနှင့်တစ်ဦး ဖိတ်ကြားခြင်း၊ ဆက်ဆံခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို သိရှိလိုခြင်းနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။　။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီ၊ အဖွဲ့များနှင့် ပြည်ပအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ တစ်ဦးနှင့်တစ်ဦး ဖိတ်ကြားခြင်း၊ ဆက်ဆံခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို သိရှိလိုခြင်းနှင့် စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။　။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ အမျိုးသားလွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကော်မတီတွေ၊ အဖွဲ့တွေနဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ တစ်ဦးနှင့်တစ်ဦး ဖိတ်ကြားခြင်း၊ ဆက်ဆံခြင်းနှင့်ပတ်သက်ပြီးတော့ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို သိရှိလိုခြင်းနှင့်စပ်လျဥ်းပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဧ) မှာ ဆိုရင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအစိုးရအဖွဲ့၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၊ ဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်

အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ကိုလည်းကောင်း ဆိုသည်လို့ ဖော်ပြထားပါတယ်။

ဒါ့ကြောင့် ပြည်ထောင်စုအဆင့်ဖြစ်တဲ့ အမျိုးသားလွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကော်မတီအဖွဲ့များနဲ့ ပြည်ပအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ တစ်ဦးနှင့်တစ်ဦး ဖိတ်ကြားတာ ဆက်ဆံတာနဲ့ ပတ်သက်ပြီးတော့ မည်ကဲ့သို့ လိုက်နာဆောင်ရွက်ရမည်ကို သိရှိလိုပါသဖြင့် အမျိုးသားလွှတ်တော်သို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးမင်းဦး (အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ဦးမင်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့ အမျိုးသားလွှတ်တော်တွင်ဖွဲ့စည်းထားသည့် ကော်မတီ၊ အဖွဲ့များနှင့် ပြည်ပအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများတစ်ဦးနှင့်တစ်ဦး ဖိတ်ကြားခြင်း၊ ဆက်ဆံခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများရဲ့ နည်းဥပဒေ ၂၂၄၊ လွှတ်တော်သည် လွှတ်တော်ရေးရာကိစ္စများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်းကောင်း၊ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့နှင့်လည်းကောင်း၊ ဥက္ကဋ္ဌ၏လမ်းညွှန်ချက်နှင့်အညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဟု ဖော်ပြထားပါတယ်။ ဒါ့အပြင် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီနှင့်အဖွဲ့များသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်တဲ့အတွက် ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး မေးမြန်းထားတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတရုံးက ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက် ရက်စွဲပါ စာအမှတ်၊ ၁၅၈(၁)/၈/သမ္မတရုံးဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအားလုံးသို့ ဖြန့်ဝေထားသည့် ပြည်ထောင်စုအဆင့်

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပြည်ပအဖွဲ့အစည်းများ တစ်ဦးနှင့် တစ်ဦးဖိတ်ကြားခြင်း၊ ဆက်ဆံခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်ကိစ္စကို ရည်ညွှန်း၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတရုံး၏ အကြောင်းကြားစာတွင်-

(၁) ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးအဆင့်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးအဆင့်ရှိ ပုဂ္ဂိုလ်များနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများကို ပြည်ပနိုင်ငံများသို့လာရောက်ရန်၊ မိမိတို့နိုင်ငံသို့ လာရောက်နိုင်ရေး ဖိတ်ကြားလွှာများ ပေးပို့ရန် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအချင်းချင်း ကမ်းလှမ်းညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်ထောင်စုအစိုးရမှတစ်ဆင့် ဆက်သွယ်မှုမပြုလုပ်ဘဲ အခြားနည်းလမ်းတစ်မျိုးမျိုးဖြင့် အချင်းချင်းတိုက်ရိုက်ညှိနှိုင်း ဆက်သွယ်၍ ဖိတ်ကြားခြင်း၊ ဖိတ်ကြားလွှာ ပေးပို့ရန် ကမ်းလှမ်းခြင်းများ ပြုလုပ်လျက်ရှိရာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူညီတူရှိမှုအရ အဆင့်တူပုဂ္ဂိုလ်အချင်းချင်း ဖိတ်ကြားနိုင်ရေး၊ လက်ခံတွေ့ဆုံနိုင်ရေးစီစဉ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဖိတ်ကြားလာသည့် ဖိတ်ကြားလွှာ ပေးပို့ရန် ကမ်းလှမ်းလာသည့် အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များ၏ တရားဝင်ဖြစ်မှု (Legitimacy) နှင့် တရားမဝင်အဖွဲ့အစည်းများနှင့် ပတ်သက်ဆက်နွယ်မှု ရှိ/မရှိကိုလည်းကောင်း စစ်ဆေးနိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

(၂) သို့ပါ၍ ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်ပနိုင်ငံအစိုးရအဖွဲ့အစည်းများ တစ်ဦးနှင့် တစ်ဦး ဖိတ်ကြားခြင်း၊ ဆက်ဆံခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ပါရန် အကြောင်းကြားအပ်ပါသည်လို့ ဖော်ပြထားပါတယ်-

(က) ပြည်ပနိုင်ငံအစိုးရများက မိမိနိုင်ငံမှ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးအဆင့်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးအဆင့်ရှိပုဂ္ဂိုလ်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဌာနဆိုင်ရာဝန်ထမ်းများကို ဖိတ်ကြားလိုပါကလည်းကောင်း၊ အကြောင်းအမျိုးမျိုးဖြင့် မိမိနိုင်ငံသို့ လာရောက်လို၍ ဖိတ်ကြားစာပေးပို့စေလိုပါကလည်းကောင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့်သာ ညှိနှိုင်းဆောင်ရွက်ရန်နှင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ တန်းတူညီတူရှိမှုကို အလေးထားစဉ်းစား၍ အဆင့်တူပုဂ္ဂိုလ်အချင်းချင်း ဖိတ်ကြားခြင်း၊ လက်ခံတွေ့ဆုံခြင်းမျိုးကိုသာ ခွင့်ပြုချက်ရယူဆောင်ရွက်သွားရန်။

(ခ) အိမ်နီးချင်းနိုင်ငံများမှ ပြည်နယ်အဆင့်ပုဂ္ဂိုလ်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက နယ်စပ်မှတစ်ဆင့် မိမိနိုင်ငံသို့ လာရောက်နိုင်ရေးအတွက် ဖိတ်ကြားလွှာများ ပေးပို့

နိုင်ရေး ညှိနှိုင်းလာပါကလည်းကောင်း၊ မိမိနိုင်ငံမှ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှဌာနဆိုင်ရာဝန်ထမ်းများ ၎င်းတို့နိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားလိုပါကလည်းကောင်း၊ လာရောက်လိုသည့် ဖိတ်ကြားလိုသည့်၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ဖိတ်ကြားလွှာများ ပေးပို့ပေးနိုင်ရေး၊ ဖိတ်ကြားနိုင်ရေး၊ သက်ဆိုင်ရာမြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ညှိနှိုင်းတင်ပြရန်။

(ဂ) သက်ဆိုင်ရာ မြန်မာသံရုံးနှင့်မြန်မာကောင်စစ်ဝန်များက နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆက်လက်တင်ပြရန်။

(ဃ) နိုင်ငံခြားရေးဝန်ကြီးဌာနက အထက်အကြီးအကဲများ၏ခွင့်ပြုချက်ရယူ၍ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ရုံးများမှတစ်ဆင့် သက်ဆိုင်ရာပြည်နယ်အဆင့်ပုဂ္ဂိုလ်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ ဖိတ်ကြားလွှာများပေးပို့နိုင်ရေး၊ ဖိတ်ကြားခွင့်ပြုကြောင်း အကြောင်းပြန်ကြားခြင်းများ ဆက်လက်ဆောင်ရွက်ရန်။

(င) နှစ်နိုင်ငံနယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် တစ်ဖက်နိုင်ငံသို့ အကြောင်းကိစ္စတစ်ရပ်ရပ်ဖြင့် သွားရောက်လိုသည့်အတွက် ဖိတ်ကြားလွှာများ ပေးပို့စေရေး၊ တစ်ဖက်နိုင်ငံရှိ ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ တိုက်ရိုက်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း မပြုလုပ်ရန်။

(စ) လုပ်ငန်းသဘောအရ ဖိတ်ကြားပေးစေလိုသည့် ကိစ္စရပ်များရှိပါက နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ရယူရန်။

(ဆ) နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်းနဲ့အညီ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တစ်ဖက်နိုင်ငံမှ သက်ဆိုင်ရာ ပြည်နယ်အဆင့်ပုဂ္ဂိုလ်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဇ) ဖိတ်ကြားစာပေးပို့ခြင်း၊ လက်ခံတွေ့ဆုံခြင်း၊ ဆောင်ရွက်ရာတွင်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံတန်းတူညီတူရှိမှုကို အလေးထားစဉ်းစား၍ အဆင့်တူပုဂ္ဂိုလ်အချင်းချင်း ဖိတ်ကြားခြင်း၊ လက်ခံတွေ့ဆုံခြင်းမျိုးကိုသာ ခွင့်ပြုချက်ရယူဆောင်ရွက်သွားရန်။

(၃) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် နိုင်ငံခြားတိုင်းပြည်များအကြား ဆောင်ရွက်ရန်ကိစ္စများဖြစ်ပါက တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ခွင့်ပြုချက် ရယူဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ဖော်ပြထားပါတယ်။

(၄) ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆက်ဆံမှုများပြုလုပ်ကြရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အသိပေးအကြောင်းကြားခြင်း၊ အကြံပြုချက်ရယူခြင်းများကို ပြုလုပ်နိုင်ပါကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်လို့ ပါရှိပါတယ်။

ဒါကြောင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများနဲ့ နိုင်ငံတော်သမ္မတရုံး၏ ပြည်ထောင်စုအဆင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်ပအဖွဲ့အစည်းများ တစ်ဦးနှင့်တစ်ဦး ဖိတ်ကြားခြင်း၊ ဆက်ဆံခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန်ကိစ္စ၊ ညွှန်ကြားချက်နဲ့အညီ အမျိုးသားလွှတ်တော်တွင် ကော်မတီများ စတင်ဖွဲ့စည်းစဉ်က သတ်မှတ်ပေးထားသော ကော်မတီ၏တာဝန်နှင့် လုပ်ပိုင်ခွင့် မူဘောင်များနဲ့အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးအောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ တာတမံဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
## တာတမံဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၇ -၂၉၁

ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ ဇွန်လ ၂၇ ရက်

၁။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တာတမံဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ၁၆-၆-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ ဖတ်ကြားတင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း က ၂၂-၆-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးသည့်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်ပညာရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၂၇-၆-၂၀၁၇ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တာတမံဥပဒေကြမ်းကို ထပ်မံလေ့လာစိစစ်ရာ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (က)၏ အောက်ရှိ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အသစ်ဖြည့်စွက်ချက် အပိုဒ်(ခ) တွင် ဖော်ပြထားသော "တာတမံအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်သည့် နယ်နိမိတ်" ဆိုသည့် စကားရပ်ကို "တာတမံတစ်ခုချင်းအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်သည့် နယ်နိမိတ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဈ)ကို အပိုဒ်ခွဲ(ည) အဖြစ် ပြောင်းလဲအမှတ်စဉ်၍ ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား "ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆိုသည်မှာ တာတမံ၏ကြံ့ခိုင်မှုစွမ်းအား ပြည့်မီစေရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရသော လုပ်ငန်းကိုဆိုသည်" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ည) ကို အပိုဒ်ခွဲ (ဋ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ဖော်ပြထားသော စကားရပ်များအစား "ပန်းတာဆိုသည်မှာ ပင်လယ်ရေငန်တားရန်ဖြစ်စေ၊ ရေဘေးအန္တရာယ် ကာကွယ်ရန်ဖြစ်စေ လက်ရှိတာတမံ၏ နောက်ဘက်တွင် အသစ်တည်ဆောက်ထားသည့် တာတမံကိုဆိုသည်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တာတမံဥပဒေကြမ်းအပေါ် ဆွေးနွေးသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်

အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင် ဖြည့်စွက်ထားခြင်းဖြစ်၍ ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တာတမံ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တာတမံဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်များကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်များဖြစ်တဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(က)(ခ)(ည)(ဋ)တို့ကို တင်ပြမှာ ဖြစ်ပါတယ်။

၂။ (က) တာတမံ ဆိုသည်မှာ ရေကို တားဆီးရန်၊ ထိန်းညှိရန် သို့မဟုတ် ထိန်းသိမ်းရန် တည်ဆောက်ထားသည့် တာတမံ၊ မြေသားနံရံ၊ ရေလှောင်တမံ၊ ရေချိုရေငန်တား တာတမံ၊ တာပေါင် တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် တာတမံကို အထောက်အကူ ပြုသည့် ရေထုတ်ပြွန်၊ ဆိပ်ခံတံတား၊ ကတုတ်တန်း၊ ရေတံခါး၊ အဆောက်အအုံ၊ ရေမှတ်တိုင်၊ မြေအနိမ့်အမြင့် အမှတ်အသားလည်း ပါဝင်သည်။

(ခ) တာတမံ နယ်နိမိတ် ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက တာတမံ တစ်ခုချင်းအလိုက် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထုတ်ပြန်သည့် နယ်နိမိတ်ကို ဆိုသည်။

(ည) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆိုသည်မှာ တာတမံ၏ ကြံ့ခိုင်မှုစွမ်းအား ပြည့်မီ စေရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရသော လုပ်ငန်းကိုဆိုသည်။

(ဋ) ပန်းတာ ဆိုသည်မှာ ပင်လယ်ရေငန်တားရန်ဖြစ်စေ၊ ရေဘေးအန္တရာယ်ကာကွယ် ရန်ဖြစ်စေ လက်ရှိတာတမံ၏ နောက်ဘက်တွင် အသစ်တည်ဆောက်ထားသည့် တာတမံကို ဆိုသည်။

ဒီပြင်ဆင်ဖြည့်စွက်ချက်များကို အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ (က)(ခ)(ည)(ဋ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ (က) (ခ) (ည) (ဋ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ အပိုဒ် ၂၆၊ အပိုဒ် ၂၈ တို့ကို တင်ပြပါမယ်။

၂၆။ မည်သူမျှ ခွင့်ပြုချက်မရှိဘဲ တာတမံပေါ်တွင် ယာဉ်များ ဖြတ်သန်း**မောင်းနှင်**ခြင်း မပြုရ။

၂၈။ မည်သူမဆို ပုဒ်မ ၂၁၊ ၂၂၊ ၂၅ နှင့် ၂၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အများဆုံး ထောင်ဒဏ် နှစ်နှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ဒီပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၆၊ အပိုဒ် ၂၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၆၊ အပိုဒ် ၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုသင့်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို တင်ပြမှာဖြစ်ပါတယ်။

ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၊ အပိုဒ် ၂ ခြေဆင်း၊

အခန်း(၂)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ (က)မှ (ဃ) အထိ၊

အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇(က) ခြေဆင်း၊ အပိုဒ် ၇ (က)(၁)(၂)၊ အပိုဒ် ၇ (ခ)(ဂ)(ဃ)၊ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊

အခန်း(၄)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၁ အစုခေါင်းစဉ်၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၁ (က)မှ(ဇ)အထိ၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ အစုခေါင်းစဉ်၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၃ (က)မှ(ဃ)အထိ၊ အပိုဒ် ၁၄ အစုခေါင်းစဉ်၊ အပိုဒ် ၁၄ ခြေဆင်း၊ အပိုဒ် ၁၄ (က)မှ(ဇ)အထိ၊

အခန်း(၅)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅ (က)(ခ)(ဂ)၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉(က)(ခ)(ဂ)၊

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၇၊

အခန်း(၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉၊

အခန်း(၈)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ ခြေဆင်း၊ အပိုဒ် ၃၂ (က)(ခ)၊ အပိုဒ် ၃၃ နှင့်

ပြောင်းလဲအမှတ်စဉ်ထားသည့် -

အပိုဒ် ၂ (ဂ)(ဃ)(င)(စ)(ဆ)(ဇ)(ဈ)(ည) နှင့်

အဆိုပြုပြင်ဆင်ထားတဲ့ -

အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၃၊ အပိုဒ်ခွဲ(ဂ)

ပယ်ဖျက်ချက်တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)အား လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က) အရ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၇။**

**ဦးမော်သန်း (ပြည်ထောင်စုစာရင်းစစ်ချုပ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်း က ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)အား အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ကျိန်ငိုက်မန် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ကျွန်မ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးအပ်မှုအရ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို

ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင် ဖြစ်သူ ကျွန်မ ဒေါ်ကျိုနိုင်ကိုက်မန် မှ ဖတ်ကြားသွားမှာဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)အပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁ / အမ(ကော်မတီ-၁)၁/၂၀၁၇ -၂၉၀
ရက်စွဲ၊　၂၀၁၇ ခုနှစ်၊ ဇွန် လ ၂၇ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၁၄-၆-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)ကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါတယ်။ ဒီဥပဒေကြမ်းနဲ့ စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ပြည်သူ့ငွေစာရင်းကော်မတီနဲ့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နဲ့ ၂၆-၆-၂၀၁၇ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)ကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ဥပဒေရေးထုံးနှင့် အရေးအသား ဆီလျော်ညီညွတ်မှု ရှိစေရန်အတွက် အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၂၊ ပုဒ်မ ၅ တွင် ဖော်ပြထားသော နိုင်ငံတော်၏ အရအသုံးစာရင်းများဆိုသည့် စကားရပ်ကို နိုင်ငံတော်၏ အရအသုံးစာရင်းများနှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဇ) တွင် ဖော်ပြထားသော ကြီးကြပ်ခြင်းနှင့် လိုအပ်သော လမ်းညွှန်မှုများပေးခြင်း ဆိုသည့်စကားရပ်ကို ကြီးကြပ်ခြင်း၊ လိုအပ်သော လမ်းညွှန်မှုများပေးခြင်းနှင့် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဓ)၏နောက်တွင် ပုဒ်မခွဲ (န)၊ (ပ)၊ (ဖ)နှင့် (ဗ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိပါသည်-

(န) (၁) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ရုံးများ၊ လုပ်ငန်းခွင်များ စက်ရုံများစသည်တို့၏ ဥပစာများ၊ အဆောက်အဦများအတွင်းသို့ ဝင်ရောက် စစ်ဆေးခြင်း၊

(၂) ဥပဒေအရ စစ်ဆေးခံရမည့် အဖွဲ့အစည်းများ၊ရုံးများ၊ လုပ်ငန်းခွင်များ၊ စက်ရုံများတွင် ရှိသောစီမံကိန်းများ၊ စီမံချက်များ၊ လုပ်ကိုင်ပုံနည်းစနစ်

များ၊စာချုပ်စာတမ်းများ၊ လူစာရင်းများ၊ ငွေစာရင်းများ၊ ပစ္စည်းစာရင်းများ၊ အစီရင်ခံစာများ၊ စာရင်းစာအုပ်များ၊ ပြေစာများနှင့် အခြားအထောက်အထား စာရွက်စာတမ်းများကို တောင်းခံစစ်ဆေးခြင်း၊

(၃) ပုဒ်မခွဲငယ်(၂)တွင်ဖော်ပြထားသော စာရွက်စာတမ်းများကို မူရင်းအတိုင်း ဖြစ်စေ၊ မိတ္တူကူး၍ဖြစ်စေ၊ အီလက်ထရောနစ် နည်းစနစ်ဖြင့်ဖြစ်စေ သက်ဆိုင်ရာ အဖွဲ့အစည်းက ပေးပို့ရန် တောင်းခံခြင်း၊

(၄) စစ်ဆေးချက်များနှင့် ပတ်သက်၍ တွေ့ရှိသည့် သက်သေခံပစ္စည်းများ၊ စာရွက်စာတမ်းများ၊ အသံဖိုင်များ၊ အီလက်ထရောနစ်ဆိုင်ရာ မှတ်တမ်းများကို သက်သေခံအဖြစ် ထိန်းသိမ်းခြင်း၊

(၅) စစ်ဆေးရေးအတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ ထွက်ဆိုချက်များရယူခြင်း၊

(၆) စစ်ဆေးရေးအတွက်လိုအပ်ပါက ကျွမ်းကျင်သူ ဝန်ထမ်းများရဲ့ အကူအညီကို လုပ်ငန်းအလိုက်ဖြစ်စေ၊ ကာလအပိုင်းအခြားအားဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာ အဖွဲ့အစည်း၏ သဘောတူ ခွင့်ပြုချက်ဖြင့် ရယူခြင်း၊

(ပ) အောက်ပါကိစ္စရပ်များဖြစ်သည့် -

(၁) အစိုးရဌာနများ၏ အခြားဘဏ္ဍာငွေ အရအသုံးဆိုင်ရာ စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(၂) နိုင်ငံပိုင် ရေ၊ မြေ၊ လေ သယံဇာတကို အသုံးပြု၍ အကျိုးခံစားခွင့် ပေးသည့်စာချုပ်ပုံစံအမျိုးမျိုး၊ နည်းစနစ်အမျိုးမျိုးဖြင့် အစိုးရနှင့် ဆောင်ရွက်သည့် ဖက်စပ်လုပ်ငန်းများ၏လုပ်ငန်းနဲ့ စာရင်းများကို လိုအပ်ပါက စစ်ဆေးခြင်း၊

(ဖ) ပြည်တွင်းကဖြစ်စေ၊ ပြည်ပကဖြစ်စေ ချေးယူငွေများ၊ ပြည်တွင်းသို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေထုတ်ချေးငွေများ၊ အတိုးပေးငွေ၊ အတိုးရငွေများနှင့်ပတ်သက်၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဗ) ရရန်ရှိငွေနဲ့ ပစ္စည်းများ၊ ပေးရန်ရှိငွေနဲ့ ပစ္စည်းများ ပြည့်စုံမှန်ကန် တိကျစွာ ဖော်ပြခြင်းရှိ၊ မရှိနဲ့ သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဆောင်ရွက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ခ) အဆိုပြုပြင်ဆင်ရန်ထားသည့် ဥပဒေကြမ်း အပိုဒ် ၄၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့ကိုပယ်ဖျက်ပြီး အပိုဒ် ၄ အဖြစ် မူလဥပဒေပုဒ်မ ၁၃ ကိုအောက်ပါအတိုင်း အစားထိုး ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပုဒ်မ ၁၁ နဲ့ ၁၂ တို့အရ မိမိအား အပ်နှင်းထားသော တာဝန်နဲ့ လုပ်ပိုင်ခွင့်များကို ဒုတိယစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်၊ စာရင်းစစ်ရုံး အဆင့်ဆင့်ရှိ စာရင်းစစ်အရာရှိများနှင့် မိမိက တာဝန်ပေးသော အဖွဲ့ငယ်များ၊ ဝန်ထမ်းများ၊ ပုဂ္ဂိုလ်များအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) အဆိုပြုပြဋ္ဌာန်းထားသည့် ဥပဒေကြမ်း အပိုဒ် ၆၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဆ)တွင် ဖော်ပြထားသော လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုကို ဆိုသည့်စကားရပ်ကို လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (ဇ) တွင် ဖော်ပြထားသော အခြားစာရင်း (Other Account-OA) များကို ဆိုသည့်စကားရပ်ကို အခြားဘဏ္ဍာငွေ အရအသုံးဆိုင်ရာစာရင်းများကို ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇) ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ ပြည်သူ့ငွေစာရင်းကော်မတီနဲ့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနဲ့ အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နဲ့ အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇)အား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၆-၇-၂၀၁၇(ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်အုန်းကြည် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၇- ၃၁၉
ရက်စွဲ၊ ၂၀၁၇ ခုနှစ် ၊ ဇွန် လ ၃၀ ရက်

၁။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း က **အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်း**ကို ၃၀-၆-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းနေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် **အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လေ့လာစိစစ်ရာ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များ၏ အသက်

အပိုင်းအခြား ကန့်သတ်ချက်ကို တိုးမြှင့် ပြင်ဆင်ထားခြင်းဖြစ်ပါသဖြင့် ဤပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေးပြီး ဖြစ်ပါ၍ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၆-၇-၂၀၁၇ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၁း၅၄ နာရီအချိန်တွင် ရပ်နားပါသည်။]